# မြန်မာပြည်သား စာစောင်
THE BURMESE MONTHLY JOURNAL

အတွဲ ၁၄– အမှတ် ၃ | Vol 14, No.3 | July, 2015 | ဇူလိုင်လ ၂၀၁၅


## ပန်းရောင်ကဒ် ကိုင်ဆောင်သည့် မြန်မာအလုပ်သမား (၁၀၀)ကျော် ဖမ်းဆီးထိန်းသိမ်းခံရ



ထိုင်းအစိုးရက တရားဝင်ထုတ်ပေးထားသည့် ပန်းရောင်ကဒ်ကို ကိုင်ဆောင်ပြီး သာမာန်နိုင်ငံကူးလက်မှတ်ပြုလုပ်ရန် မဲဆောက်သို့ ဆင်းလာခဲ့ကြသော မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၈၀ ခန့်ကို ခရီးသွားခွင့်ထောက်ခံချက် မပြည့်စုံသဖြင့် တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဌာန (လဝက)က ဇူလိုင် ၂ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းလိုက်သည်ဟု သိရသည်။ ယခင်က ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်(ပန်းရောင်ကဒ်) တမျိုးရှိလျှင် ဘန်ကောက်မြို့ မြန်မာသံရုံး၏ ခရီးသွားထောက်ခံစာဖြင့် ခရီးသွားနိုင်သော်လည်း ယခုအခါ မိမိအလုပ်ရှင်မှ နယ်မြေခံ ထိုင်းအလုပ်အကိုင်ရှာဖွေနေရာချထားရေး ဦးစီးဌာနရုံး(DOE)၏ ခရီးသွားလာခွင့်ထောက်ခံချက်မပါရှိသဖြင့် ဖမ်းဆီးခံရခြင်းဖြစ်သည်ဟု ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး အလုပ်သမားသံအရာရှိ ဦးစိုးနိုင်က ပြောသည်။စာမျက်နှာ–(၃)ပထမအပိုဒ်သို့

## မြန်မာရွှေ့ပြောင်းအလုပ်သမားကွန်ရက်က နိုင်ငံကူးလက်မှတ်အရေး အစီရင်ခံတိုက်တွန်းသွားမည်




ထိုင်းနိုင်ငံလုံးဆိုင်ရာ မြန်မာရွှေ့ပြောင်း အလုပ်သမားကွန်ရက်(MMNT)မှ ထိုင်းနိုင်ငံအတွင်းရှိ ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့် လက်မှတ်(ပန်းရောင်ကဒ်) ကိုင်ဆောင်ထားကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကြုံတွေ့နေရသော နိုင်ငံကူးလက်မှတ်စာအုပ်(ပတ်စ်ပို့) ပြုလုပ်နိုင်ရေး အခက်အခဲများကို ထိုင်း–မြန်မာနှစ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာနများသို့ အစီရင်ခံတိုက်တွန်းသွားမည်ဟု သိရသည်။ စာမျက်နှာ(၃ )ဒုတိယအပိုဒ်သို့



ဟုတ်တယ်–ဘန်ကောက်မြန်မာသံရုံးက ကူညီကယ်ဆယ်စရာမလိုဘူး(ကဗျာ)

စာမျက်နှာ–၃ သို့




၂၀၁၅–ခုနှစ် ဇူလိုင်လအတွက် ဂံကြမ္မာဟောစာတမ်း

စာမျက်နှာ–၅ သို့



ကာတွန်း

စာမျက်နှာ–၂၀ သို့

# အယ်ဒီတာ့ အတွေးနှင့်အရေး

## မြန်မာသံရုံးထောက်ခံစာဖြင့်ဘန်ကောက်မှမဲဆောက်သို့ ခရီးသွားကြသော မဲဆောက် ရဲအချုပ်ခန်းထဲမှ မြန်မာလုပ်သား(၁၈၀)ယောက်ကပေးသည့်သခ်ဥ်းစာ



ပြီးခဲ့သည့် ၂၀၁၅ခုနှစ်ဇူလိုင်လ ၁–၂–၃ ရက်များတွင် ထိုင်းနိုင်ငံဘန်ကောက်မြို့မှမဲဆောက်မြို့သို့ ဆင်းလာကြသောယာယီနေ ထိုင်အလုပ်လုပ်ကိုင်ခွင့်(ပန်းရောင်ကဒ်)နှင့်ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခရီးသွားထောက်ခံစာ ကိုင်ဆောင်ထားသူ(၁၈၀)ယောက် အဖမ်းခံကြရသည်။ မဲဆောက်ရဲအချုပ်ခန်းထဲ ရောက်ကြပြီး ၃ရက်မြောက်တွင် မဲဆောက်ခရိုင်ခွဲတရားရုံးသို့ ထိုင်းလဝကဥပဒေအရ ရုံးထုတ်စစ်ဆေးခြင်းခံကြရသည်။

အမှန်စစ်စစ်မှုသူတို့သည်ပန်းရောင်ကဒ်နှင့်အတူ ပွဲစားမှတဆင့်(၁၀၀၀)ဘတ်ပေးကာရယူထားသော ဘန်ကောက်မြန်မာသံရုံးထောက်ခံစာ မိမိတို့လက်တွင်ရှိလျှင် ပြီးပြည့်စုံပြီ။ခရီးသွားလို့ရပြီဟုအပိုင်ထင်မှတ်ခဲ့ကြသည်။ ဘန်ကောက်မြန်မာသံရုံး၏ခရီးသွားထောက်ခံစာအပြင် သက်ဆိုင်ရာနယ်မြေခံအလုပ်သမားရှာဖွေနေရာချထားရေးရုံး(ကျဟန်ငန်)ခရီးသွားထောက်ခံစာပါလိုအပ်နေသေးမှန်းလုံးဝမသိရှိကြချေ။

ဘန်ကောက်မြန်မာသံရုံးထောက်ခံစာကို လက်ဝယ်ကိုင်ထားနိုင်လျှင်ပင် ခရီးစဉ်အစမှအဆုံး အိုကေမှာစိုပြေမည်ဟု တလွဲထင်မှတ်ထားကြပုံရသည်။ ဟော… တကယ်တမ်းဖမ်းခံထိကြတော့ ဘယ်သူမမှမကူနိုင်၊ မကယ်နိုင်ပဲ မဲဆောက်ခရိုင်ခွဲတရားရုံးတွင်ရုံးတင်ခံကြရကာ ထောင်ဒဏ်၁၀ရက်နှင့်ညီမျှသောငွေဒဏ်(၂၀၀၀)ဘတ်ကို ပြစ်ဒဏ်တပ်ခံကြရပေသည်။

မဲဆောက်ရဲအချုပ်ခန်းနှင့်တရားရုံးအချုပ်ခန်းထဲတွင် ထမင်းမကျွေးသဖြင့် မိမိအစီအစဉ်ဖြင့်ပင် ဝယ်စားကြရသည်။

ဇူလိုင်လ(၄–၅–၆–၉–၁၀–၁၃)ရက်များကျမှ အလုပ်သမားသံမှူးဦးစိုးနိုင်နှင့်မြန်မာပြည်သားများအရေးပူးတွဲလှုပ်ရှားမှုကော်မတီ(JACBA)ဥက္ကဋ္ဌဦးမိုးကြိုး(ဆရာမိုး)တို့၏ ညှိနှိုင်း ဆောင်ရွက်ချက်အရ အလှူရှင်များတစတစပေါ်ပေါက်ကာ ထမင်း၊ ဟင်း၊ ရေ၊ တိုလီမိုလီ..ဆိုပြီးဖြစ်လာပေသည်။

ကိုင်း––ဘန်ကောက်ကမဲဆောက်ပြန်မြန်မာလုပ်သား(၁၈၀)ယောက်ကသင်တို့ကို ဘာသခ်ဥ်းစာတွေပေးနေသလဲ။

မည်သည့်ထောက်ခံစာကိုမှယုံမှတ်ကာပုံမအပ်ပါနှင့်၊ အချိန်အခါ၊ နေရာဒေသနှင့်အခါကာလအလျောက် မူဝါဒအပြောင်းအလဲရှိ တတ်သောထိုင်းနိုင်ငံမှာ သင်တို့ဆက်လက် လုပ်ကိုင်စားသောက်ကြမည်ဆိုပါက–––––––––––––

(၁)မှန်ကန်တိကျသောသတင်းအချက်အလက်တွေကို နေ့စဉ်အချိန်ပေးပြီး ခဏဖြစ်ဖြစ်နားထောင်ရန်။

(၂)လက်လှမ်းမီသမျှ ရွှေ့ပြောင်းအလုပ်သမားနှင့်ပတ်သက်သောသတင်းအချက်အလက်၊ ကြေညာချက်စသည်တို့ပါရှိသော အင်တာနက်သတင်းများကိုဖတ်ရှုကြရန် (မိမိမဖတ်နိုင်ကဖတ်ထားသော(ဝါ)ဖတ်နေသော မိတ်ဆွေဉီးဉီးထံမှ ပြန်လည်မျှဝေရယူရန်။

(၃)ကောလာဟာလများ၊ ပွဲစားများနှင့်အခကြေးငွေအလို့ငှာ အကျိုးဆောင်တတ်သူတို့၏စကားနှင့်သတင်းကိုမယုံစားကြရန်။

(၄)မိမိသိရှိထားသောသတင်းအချက်အလက်နှင့်အရေးကြီးကြေညာချက်များကို မိမိလုပ်ဖော်ကိုင်ဖက်၊ နီးစပ်သူများကို မဖြစ်မနေမျှဝေကြရန်…စသည်တို့ဖြစ်၏။

ပြည်သူမပါ အရေရေ ဘာဆိုဘာမှ မပြီးနိုင်ပါ
ပြည်သူသည်သာ အခရေ အရေရေကို ပြောင်းလဲနိုင်သည်
ခွန်အားမျှဝေ နဲ့ တတွေသည် မလွဲမသွေ ပြည်သူတွေအတွက်


မြန်မာပြည်သားအရေး ပူးတွဲလှုပ်ရှားမှုကော်မတီ (JACBA)မှ လစဉ်ထုတ်ဝေဖြန့်ချီသည်။

←စာမျက်နှာ(၁)ပထမအပိုဒ်မှ ဦးစိုးနိုင်က "ပန်းရောင်ကဒ်သမားတွေက နယ်ကျော်ရင် သံရုံးထောက်ခံစာရယ်၊ ရဲရုံးကထောက်ခံစာရယ်ယူရတယ်။ အဲဒါတွေကကလေး (အလုပ်သမား)တွေက ကြိုပြီးမသိလိုက်လို့ပေါ့နော်။ တရားရုံးက(လဝက)ဥပဒေနဲ့ ဒဏ်ငွေဆောင်ခိုင်းပြီးလွှတ်ပေးမှာပါ"ဟု ပြောသည်။ လက်ရှိ မဲဆောက်အချုပ်ခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာအလုပ်သမားများကို အလုပ်သမားသံအရာရှိ ဦးစိုးနိုင်နှင့် မဲဆောက်အခြေစိုက် မြန်မာပြည်သားများ အရေးပူးတွဲလှုပ်ရှားမှုကော်မတီ (JACBA)တို့က စားသောက်ဖွယ်ရာအပြင် အခြားလိုအပ်သည့် အကူအညီများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရသည်။

(JACBA)ဥက္ကဋ္ဌ ဦးမိုးကြိုးက "သူတို့တွေ နှစ်ရက်လုံးလုံးထမင်းမစားရဘူး။ ကိုယ့်ဖာသာကိုယ် ဝယ်စားရတယ်။ အဲဒါကို သူတို့ကို ထမင်းဝယ်ကျွေးတယ်။ တခြား ပစ္စည်းတွေဝယ်ပေးတယ်၊ အားပေးတယ်၊ အဲဒါတွေကို ဒီနေ့ တစ်မနက်လုံး ကျနော်တို့လုပ်နေတယ်"ဟု ပြောသည်။ ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းအလုပ်သမား ၃သန်းခန့် ရှိသည့်အနက် ပန်းရောင်ကဒ် ကိုင်ဆောင်သူဦးရေဖေ့သိန်းကျော်ရှိသည်ဟု မြန်မာအလုပ်သမားအရေး ဆောင်ရွက်နေသူများက ပြောသည်။

၄-၆-၂၀၁၅(ကေအိုင်စီ)

*********************************

←စာမျက်နှာ(၁)ဒုတိယအပိုဒ်မှ ထိုသို့ အစီရင်ခံတိုက်တွန်းနိုင်ရန်အတွက် ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်၊ အနောက်ပိုင်း မဲဆောက်ဒေသနှင့်ထိုင်းနိုင်ငံ အလယ်ပိုင်း ဘန်ကောက်ရှိ အဆိုပါအလုပ်သမားကွန်ရက်မှ အမှုဆောင်ကိုယ်စားလှယ်များက ဘန်ကောက်မြို့တွင် ဇွန်လ ၂၈ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြသည်ဟု ကွန်ရက်၏အထွေထွေအတွင်းရေးမှူး ဦးမိုးကြိုးကပြောသည်။

ဦးမိုးကြိုးက "အခုလက်ရှိ ထိုင်းစစ်ကောင်စီက မနှစ်ကမှ အသစ်ထုတ်ပေးတဲ့ ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့် လက်မှတ်(ပန်းရောက်ကဒ်) ကိုင်ဆောင်ထားရင် လွတ်လွတ်လပ်လပ် သွားလာလုပ်ကိုင်ခွင့်မရသေးဘူး။ နိုင်ငံကူးလက်မှတ်ကြီး (ပတ်စ်ပို့)ရမှ ထိုင်းနိုင်ငံမှာ စိတ်ကြိုက်သွားလာလုပ်ကိုင်နိုင်မှာလေ။ ဒါကြောင့် ပတ်စ်ပို့ကို အဆင်ပြေပြေ ဆက်လက်ပြုလုပ်နိုင်ဖို့ အစီရင်ခံ တိုက်တွန်းသွားမယ်" ဟု ဆိုသည်။

မြန်မာနိုင်ငံတွင်း၌ ပတ်စ်ပို့လုပ်ဆောင်ရာတွင် လုပ်ဆောင်ရမည့်အဆင့်နှင့် အချိန်ကြာမြင့်ခြင်း၊ ထိုင်းနိုင်ငံ၌လည်း မသိနားမလည်မှုနှင့် အချိန်မပေးနိုင်ခြင်းတို့ကြောင့် ပွဲစားများ၊ အေဂျင်စီများကို ငှားရမ်းလုပ်ရာတွင် ကုန်ကျစရိတ်များခြင်းနှင့် လိမ်လည်ခံရမှုများမှာ မြန်မာအလုပ်သမားများအနေဖြင့် အဓိကကြုံတွေ့နေရသည့် ပြဿနာများဖြစ်သည်ဟု ဦးမိုးကြိုးက ဆက်ပြောသည်။

ထို့အပြင် ထိုင်းနိုင်ငံအတွင်းဖြစ်ပေါ်လာမည့် မြန်မာရွှေ့ပြောင်းအလုပ်သမား အရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ထိုင်းနိုင်ငံအတွင်း အလုပ်သမားအရေး ဆောင်ရွက်သူများနှင့် ကွန်ရက်သဖွယ် ဖြန့်ကျက်လုပ်ဆောင်ရန် သဘောတူထားသည်ဟု ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးအလုပ်သမားသံအရာရှိ ဦးစိုးနိုင် က "ကျနော်တို့ကတော့ ဒီအလုပ်သမားရေးရာ ဆောင်ရွက်တဲ့သူတွေ၊ အဖွဲ့အစည်း တွေနဲ့ သူတို့ဆီကရလာတဲ့ အလုပ်သမားရေးရာ သတင်းအချက်အလက်အပေါ် မူတည်ပြီးတော့ ပူးပေါင်းလုပ်ဆောင်သွားဖို့ ဆန္ဒရှိတယ်"ဟု ပြောသည်။

ပြီးခဲ့သည့် ၂၀၁၄ခုနှစ်ကစ၍ မြန်မာနိုင်ငံအစိုးရဘက်သို့ MMNT မှ အလုပ်သမားရေးနှင့်ပတ်သက်၍ တနှစ်တစ်ကြိမ်တင်ပြတိုက်တွန်းမှုများရှိခဲ့ပြီး ယခုနှစ်နိုင်ငံအစိုးရထံ အစီရင်ခံမည့်အစီအစဉ်ကို ၎င်းတို့၏ (၇)ကြိမ်မြောက် ကွန်ရက်အစည်းအဝေးမှဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကွန်ရက်အစည်းအဝေးကို နှစ်လ တစ်ကြိမ် ပြုလုပ်လျက်ရှိပြီး လာမည့် စက်တင်ဘာ ၂၆ရက်နေ့တွင် (၈)ကြိမ်မြောက် ကွန်ရက်အစည်းအဝေး ထပ်မံပြုလုပ်သွားရန်ရှိသည်ဟုလည်းသိရသည်။

၂၉-၆-၂၀၁၅(ကရင်သတင်းစဉ်)



EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
132 SATHON NUEA ROAD, BANGKOK 10500, THAILAND
Tel:(662) 233 2237, 233 7250, 234 4698, 237 7744, Fax:(662) 236 6898

## အသိပေးကြေညာခြင်း

၁။ ထိုင်းနိုင်ငံတွင် အထောက်အထားမဲ့ အလုပ်လုပ်ကိုင်လျက်ရှိကြသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ထိုင်းအစိုးရက ထုတ်ပေးထားသည့် ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့် (TR-38) ပန်းရောင်ကတ် ကိုင်ဆောင်သူများသည် သာမန် မြန်မာနိုင်ငံကူး လက်မှတ် ထုတ်ယူနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရာ၌ အရေးကြီးသည့် မှတ်ပုံတင်နှင့် သန်းခေါင်စာရင်း ပြုလုပ်ရန် သံရုံးထောက်ခံစာဖြင့် မြန်မာနိုင်ငံသို့ ခေတ္တပြန်လည်ဝင်ရောက်သူများသည် မိမိတို့ အလုပ်လုပ်ကိုင်နေ ထိုင်သည့် ထိုင်းမြို့နယ် အလုပ်သမားဝန်ကြီးဌာန၏ ထောက်ခံစာနှင့် အလုပ်ရှင်၏ ထောက်ခံစာများပူးတွဲ ယူဆောင်သွားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

၂။ ထိုင်းမြို့နယ် အလုပ်သမားဝန်ကြီးဌာန၏ ထောက်ခံစာနှင့် အလုပ်ရှင်၏ ထောက်ခံစာယူဆောင်သွားခြင်းမရှိ၍ လမ်းခရီး၌ အခက်အခဲတစ်စုံတစ်ရာ ဖြစ်ပေါ်ပါက မိမိတို့၏ တာဝန်သာဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **မိမိတို့ နေထိုင်လုပ်ကိုင်သည့် သက်ဆိုင်ရာ ထိုင်းမြို့နယ် အလုပ်သမားရုံးတွင် တောင်းယူရမည့် နယ်မြေဖြတ်ကျော်ခွင့်စာအား သိရှိနိုင်ရန်ပူးတွဲဖော်ပြထားပါသည်။**

၃။ မြန်မာသံရုံး၊ ဗန်ကောက်မြို့၏ အင်တာနက်ဝပ်ဆိုက် စာမျက်နှာ www.myanmarembassybkk.com တွင်လည်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

မြန်မာသံရုံး
ဗန်ကောက်မြို့

ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ( ၆ ) ရက်

# ပန်းရောင်ကတ်ဖြင့် နေရပ်ပြန်သူများကို ဘန်ကောက် မြန်မာသံရုံး အသိပေးချက်ထုတ်

ထိုင်းနိုင်ငံအတွင်း ပန်းရောင်ကတ် ကိုင်ဆောင်ထားသူတွေ နေရပ်ပြန်တဲ့အခါ သံရုံး ထောက်ခံချက်အပြင် နယ်မြေအလုပ်သမားဌာန ထောက်ခံစာနဲ့အလုပ်ရှင် ထောက်ခံစာတို့ပါ ပူးတွဲယူဆောင်သွားကြဖို့ ဘန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးနှိုးဆော်လိုက်ပါတယ်။

ဇူလိုင်လဆန်းပိုင်း သံရုံးကထုတ်ပေးတဲ့ ခရီးသွားလာခွင့်ထောက်ခံစာနဲ့ မှတ်ပုံတင်၊ သန်းခေါင်စာရင်းလုပ်ဖို့ နေရပ်ပြန်ကြတဲ့ မြန်မာအလုပ်သမား ၂၀၀ ကျော် ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့မှာ ထိုင်းရဲတွေရဲ့ ဖမ်းဆီးခံရပြီးတဲ့နောက် ဇူလိုင် ၆ ရက်နေ့က သံရုံးကြေညာချက် ထွက်ပေါ်ခဲ့တာပါ။

ထိုင်းနိုင်ငံမှာ စစ်အစိုးရတက်ခဲ့တဲ့နောက် ၂၀၁၄ ခုနှစ် ဇူလိုင်လကုန်ပိုင်းလောက်ကစပြီး ပန်းရောင်ကတ်ကိုင်ဆောင်ထားသူ (အထောက်အထားမဲ့)မြန်မာရွှေ့ပြောင်း အလုပ်သမား ၆ သိန်းခွဲကို အလုပ်သမားလက်မှတ်လုပ်ပေးခဲ့ပါသည်။

ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားအရေး ကူညီလုပ်ဆောင်ပေးနေတဲ့ အဖွဲ့အစည်းတွေက မြန်မာအစိုးရအနေနဲ့ ၂၀၀၉ ခုနှစ်တုန်းကလိုပဲ ထိုင်းနိုင်ငံတွင်း လာရောက်ပြီး ယာယီ နိုင်ငံကူးလက်မှတ်လုပ်ပေးဖို့ တောင်းဆိုနေကြပါတယ်။

၈–၇–၂၀၁၅(ဒီဗွီဘီ)

ပုံစံ-1



ပုံစံ-2








# သံဇကာကြားကို သူ့လက်များ ရောက်သွားတဲ့အခါ



သူဟာလည်း

ငယ်ရွယ်နုပျိုစဉ်အခါတုန်းက

နှစ်ဆယ်ကျော်တက္ကသိုလ်ကျောင်းသားဘဝက

ဒီမိုကရေစီယုံကြည်ချက်အတွက်

သံဇကာကြားနဲ့ သံတိုင်များကိုရော

ထောင့်မှန်စတုဂံပုံ နံရံများကိုပါ

ဆယ်စုနှစ်တစ်ခုကျော်ကြာ ဆုပ်ကိုင်အံကြိတ်ခဲ့ဘူးပါတယ်။

အခုနေအသက်ငါးဆယ်အရွယ်မှာ

မြန်မာရွှေ့ပြောင်းလုပ်သားအကျိုးဆောင်ဖြစ်လာတော့ ထိုင်းမှူခင်းရဲနဲ့ ထိုင်းလဝကအချုပ်ခန်းသံဇကာတွေကြား

မြန်မာရွှေ့ပြောင်းလုပ်သားမောင်တွေ၊ မယ်တွေ

ထမင်းမရ၊ ရေမဝနဲ့ လူမှုဒုက္ခတွေခံနေကြချိန်မှာ သူဟာ........သံဇကာကြားကိုသူ့လက်များရောက်သွားခဲ့ပါတယ်။

ညီအကိုမောင်နှမစိတ်၊ မိသားစုစိတ်နဲ့

အားပေးနစ်သိမ့်တဲ့၊ ထမင်းလာကျွေးတဲ့လက်တွေပါဗျာ။

||||||||||||||||||||||||||||||||||||||||

ဒီလျှပ်စီး

## သီရေးသီရာ ကဗျာ စာမျက်နှာ

## လူထုကျန်းမာရေး (ခြင်ထောင်ချောက်)



ခြင်ပေါတဲ့ရာသီမှာ ကလေးတွေ သွေးလွန်တုတ်ကွေးဖြစ်ကြတယ်၊လူကြီးတွေလဲမခံသာဘူး၊နားရွက်နားကပ်ပြီး ဆူညံတာအခံရခက်ဆုံးဘဲဗျာ၊ခြင်ဆေးခွေတွေကလဲကျန်းမာရေးကိုထိခိုက်ပြန်တယ်၊ ဒါကြောင့်လေ့လာမိတဲ့ ခြင်တောင်ချောက်လုပ်နည်း လွယ်လွယ်လေးကို ပြန်လည်မျှဝေပေးလိုက်ပါတယ်။

ခြင်များသည်ခြုံနွယ်ပိတ်ပေါင်းထူထပ်ခြင်း၊ ပေါက်ပွားရန်ရေကြည့်ရှိခြင်း၊ မှောင်သောအခန်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်များသောနေရာ၊ အဝတ်ဟောင်းများ၊ ချွေးစိုအဝတ်များစုထားသောနေရာ၊ ဘီယာသောက် ထားသူများမှထွက်သောအနံ့စသည်တို့ကိုကြိုက်ပါသည်။ ခြင်ထီးများက အများအားဖြင့်သစ်ရည်ကို စုပ်ယူ စားသုံးကြပြီး ခြင်မများက သွေးကိုစုပ်ယူစားသုံးပါသည်။





*ပြုလုပ်ပုံ--------*

လိုတဲ့ပစ္စည်းတွေက ၂လီတာဝင်တဲ့ပလပ်စတစ်ပုလင်း သကြားညို 50grams (၃ကျပ်သား) ပွဆေး(yeast) 1gram(၁ပဲသား) ရေ. 200 milliter (၂၀၀စီစီ) သကြားကိုရေနဲနဲထဲ့ပြီးပျော်အောင်ကြို၊ အအေးခံပြီးကျန်တဲ့ရေနဲ့ရော၍ပုလင်းထဲထဲ့ပါ။ ပွဆေး (yeast)၁ပဲသားကို ပုလင်းထဲထဲ့ပါ(မမွှေရ)။ ပြီးရင်ပုံပါ အတိုင်းတပ်ဆင်ပြီး အဆက်နေရာလေလုံအောင်တိပ်နဲ့ကပ်ပါ၊ ပုလင်းအပေါ်မှ စက္ကူ အမဲနဲ့ထပ်ပတ်ပြီး သားရေကွင်းစည်းလိုက်လျှင် ပြီးပါပြီ။ လေငြိမ်သော၊ မှောင်သော နေရာများတွင်ထားပေးပါ။သကြားနဲ့ပွဆေးဓာတ်ပြုပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် ထွက်လာပြီး ခြင်များပုလင်းတွင်းသို့အပေါက်မှတဆင့် ဝင်လာသည်ကိုတွေ့ရပါမည်၊ဖျော်ရည်ကို ၁၄ ရက်တကြိမ် အသစ်လဲပေးရပါမည်။ ပါတ်ဝန်းကျင် ခြုံနွယ်ပိတ်ပေါင်း များရှင်းလင်းပေးခြင်း၊ အိုးများဖုံးအုပ်ထားခြင်း၊ မကြာခန ရေလှယ်ပေးခြင်း၊ ရေတင်နိုင်သည့်အိုးဟောင်း၊ တာယာ၊ စသည်များဖယ်ရှားခြင်း၊ ရေဝပ်နိုင်သည့် မြေနေရာ ကိုဖို့ပေးခြင်းတို့ဖြင့် မိမိတို့ရဲ့ရင်သွေးငယ်များ သွေးလွန်တုတ်ကွေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ကြပါစေ------။

http://m.wikihow,com/Make-a-Plastic-Bottle-Mosquito-Trap

kaung myat(8-7-2015)

# ဟုတ်တယ်.. ဘန်ကောက် မြန်မာသံရုံးက ကူညီကယ်ဆယ်စရာမလိုဘူး

ဒို့သံရုံးက၂၀၀–၂၅၀ဘတ်ပဲပေးရတဲ့ ခရီးသွားထောက်ခံစာကို
မင်းတို့လူ(၁၈၀)ယောက်က ၁၀၀၀ ဘတ်နဲ့ပွဲစားကတဆင့်ပေးဝယ်တယ်
ဒါကြောင့်အခုမင်းတို မဲဆောက်ရဲအချုပ်ထဲမှာ ၅–၆ ရက်နေရတာ ငါတို့မြန်မာသံရုံးနဲ့
လုံးဝမဆိုင်ဘူး။ နောက်ပြီးရှိသေးတယ် မင်းတို့မြန်မာလုပ်သား ၁၈၀ ယောက်ဆိုတဲ့
တခြားကမ္ဘာကပြိုလ်သားတွေရဲ့အချုပ်ခန်းထဲမှာ ထမင်းမစားရတာ၊ ရေမသောက်ရတာ
ထိုင်းရဲကငွေညှစ်တာ....စကားပြန်ကရင်နဲ့ကုလားကဆဲရေးတာ

(အိုကွာ) ဘာတွေပဲ မင်းတို့ဖြစ်နေဖြစ်နေ
ဟုတ်တယ်...ဘန်ကောက်မြန်မာသံရုံးကကူညီကယ်ဆယ်စရာမလိုဘူး။

ဒီတော့ကာ မဲဆောက်တရားရုံးကမင်းတို ့ကိုထောင်ဒဏ်၁၀ရက်နဲ့ညီမျှတဲ့

ငွေဒဏ်၂၀၀ဘတ်သတ်မှတ်ပြစ်ဒဏ်ချသတဲ့ ပေးလိုက်ပေါ့ကွာ.

မင်းတို့ဟာငွေပေါလွန်းသူတွေပဲ။

ဟုတ်တယ်...ဘန်ကောက်မြန်မာသံရုံးကကူညီကယ်ဆယ်စရာမလိုဘူး
ထပ်ပြောရရင်..လာလာပြီးအာရုံနောက်အောင်

ဂသံရုံးကယ်ပါ...သံရုံးကယ်ပါ...သံရုံးကယ်ပါ.လို့

ဟိုဗွာပြအောင်အော်မနေကြနဲ့ကွာ ရှင်းပြီလားဟေ့။

ဒီလျှပ်စီး


မြန်မာသံရုံး၏ ခရီးသွားထောက်ခံစာဖြင့် မဲဆောက်မြို့သို့ရောက်လာသည့်
မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၈၀ ခန့်ကို တာ့ခ်ရှိင် လဝက ဖမ်းဆီး


မြန်မာပြည်သားအရေး ပူးတွဲလှုပ်ရှားမှုကော်မတီ (JACBA)မှ လစဉ်ထုတ်ဝေဖြန့်ချီသည်။

# ၂၀၁၅ –ခု ၊ ဇူလိုင်လအတွက် ကံကြမ္မာဟောစာတမ်း

## တနင်္ဂနွေသားသမီးများအတွက်




ဤလအတွင်း စိန်ထည်ပစ္စည်းများ စက်ပစ္စည်းများဝင်လိမ့်မည်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်ကောင်းများ အဆက်သွယ်ကောင်းများပေါ်လာလိမ့်မည်။ သို့သော် ဤကာလအတွင်းပစ္စည်းများကိုထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမား စရန်မကောင်းသေးပါ။ ဤကာလအတွင်းထီမထိုးသင်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါးညံ့သွားတတ်သည်။ မသွားချင်သော ခရီးများစိတ်ညစ်စရာခရီးများ သွားရတတ်သည်။ အထက်လူကြီး ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်သည်။ သားသမီးများ ကျန်းမာရေးညံ့တတ်သည်။ ရွှေထွက်မည်။ ခြေ၊ လက်၊ မျက်ခြင်း၊ ခါးနားခြင်းများဖြစ်တတ်သည်။စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မည်။ လုပ်လျှင်အောင်မြင်မည်။ အထူးသတိပြုရန် ငွေလူလိမ်ခံရမည်။ ခင်မင်သူချစ်သူကြောင့်ဒုက္ခတွေ့တတ်သည်။ မိတ်ဆွေအပေါင်းအသင်းများနှင့်မဖျော်လင့်ဘဲ လမ်းခွဲရတတ်သည်။ သားသမီးရှိက အိမ်မှထွက်သွားလိမ့်မည်။ ဒီကာလမှာ ကိုယ်ဝန်ဆောင် မိန်းမတွေအထူးသတိပြုပါ။ မွေးလျှင် အခက်အခဲတွေ့နိုင်သည်။ သူ့သဘော သူဆောင်ရလာသောငွေနှင့် လိုက်လျောညီထွေဖြစ်အောင် နေပါ။ ဘာမှလုပ်စရာမရှိပါကထိုင်နေပါ။ ဉာဏ်ကို ဉာဏ်သုံးလုပ်မှ ဒုက္ခတွေ့တတ်သည်။ အမှုမဖြေရှင်းရပါ။ တတ်နိုင်သလောက်အချိန်ဆွဲပါ။ မဖြစ်မနေ ပြဿနာမှုတွေ ရှင်းရမယ်ဆိုလျှင် အရှုံးပေးလိုက်ပါ။ ငွေဝင်လာလျှင် မြေဝယ်ထားပါ။ အိမ်ကြီးကြီးကျယ်ကျယ် မဆောက်ပါနှင့်–––။

ဤကာအတွင်း ကောင်းကျိုးချမ်းသားများ ပိုမိုရရှိလာစေရန်နှင့်အညံ့အခိုက်များ သက်သာပြေပျောက်စေရန် အောက်ပါယတြာများကိုဂရုစိုက်ပြုလုပ်ပါလေ။ အိမ်ကဘုရားတွင် ကောဖီ (၁)ခွက်နှင့် ကိတ်မုန့်(၁)ချပ် ကပ်လှူလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

ဤလအတွင်း၌ သင်သည် အဘက်ဘက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မည်။ ယခုကာလတွင် အိမ်ထောင်ပြုပါက တည်မြဲသော အိမ်ထောင်မဖြစ်နိုင်၊ အိမ်ထောင်ပြုလျှင် သားသမီးပါလာတတ်သည်။ လုပ်ငန်းသစ်များ စတင်ရတတ်သည်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာကျိုးပေးအောင်မြင်မည်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများစီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်သည်။ အလုပ်နေရာအိမ်နေရာ ပြောင်းရွှေ့ရတတ်သည်။ ရွှေဝင်မည်။ ရတနာပစ္စည်းများဝင်မည်။ ဘုရားဆင်းတုတော်၊ ပုံတော်များကြွလာမည်။ သင့်အတွက် အလွန်ကောင်းသောနိမိတ်ဖြစ်ပါသည် ဤကာလအတွင်း၌ စီးပွားအလွန်ကောင်းသကဲ့သို့ ကိုယ်ကျင့်တရား အထူးအရေးကြီးသော အချိန်ဖြစ်ပါသည်။ အမှုအခင်ဖြစ်နေသူကို ငွေမချေးပါနှင့်၊ အာမခံမလိုက်ပါနှင့်၊ သတိပြု၍ရှောင်ကြဉ်ပါ။ ပတ္တမြားမြထွက်တတ်သည်။အထူးသတိပြုရန် အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်သည်။ သွပ်၊ သံ၊ သစ်တစ်ပတ်ရစ် ပစ္စည်းလက်မခံပါနှင့်၊ အောက်လက်ငယ်သား ဒုက္ခပေးတတ်သည်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်သည်။ ဆရာသမားကဲသို့သော ပုဂ္ဂိုလ်များနှင့်အဆင်မပြေဖြစ်မည်။ လုပ်ဖော်ကိုင်လက်များ မိတ်ဆွေများနှင့်အဆင်မပြေလမ်းခွဲရတတ်သည်။ ယခုကာလတွင် အိမ်ဆောက်လျှင် မကောင်းပါ အစားမှား ဆေးမှားဖြစ်ခြင်း သွားဒုက္ခပေးခြင်းများကြုံရမည်။ မြေကိစ္စ အမွေနှစ်ကိစ္စများကြုံရတတ်သည်။ ငွေရှာရလွယ်ကူပေမယ့် စုဆောင်း၍မရ။ ငွေဝင်လျှင် ကိုင်မထားရ၊ ရွှေဝယ်ထားပါ။ ဤကာလတွင် ကိုယ်စိတ်နှုတ်သုံးပါးကို မဖောက်မပြန် တည်တည်ကြည်ကြည် ထိန်းသိမ်းနိုင်သူတွေ တန်ဖိုးကြီးမားသော ဘဝသို့ရောက်နိုင်သည်။ မထိန်းသိမ်းနိုင်သူအဖို့ ရေနှင့်ထိသော ရွံ့နွံဘဝရောက်နိုင်သည်။ ဤကာလအတွင်း ကောင်းကျိုးချမ်းသာများ ပိုမိုရရှိလာစေရန်နှင့်အညံ့အခိုက်များ၊ သက်သာပြေပျောက်စေရန် အောက်ပါယတြာများကို ဂရုစိုက်ပြုလုပ်ပါလေ ။ ယပ်ဖြူသက်စေ့လှူပါ။ ဘုရားရင်ဘတ်တော် ရွှေချပါ။ ရေသက်စေ့ကပ်လှူပါ။

## အင်္ဂါသားသမီးများအတွက်



ယခုလသည် မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မည့်အချိန် ဖြစ်သည်။ စီးပွားသိသိသာသာ တက်မည်။ သိကြားမလိုက်သကဲ့သို့ လက်ရှိအခြေအနေထက်များစွာမြင့်တက်သွားလိမ့်မည်။ လုပ်ငန်းများ သိသိသာသာအောင်မြင်မှုရမည်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သောကာလ၊ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်သည်။ ဘုရားဖူးခရီးများ စိတ်ချမ်းသာစရာခရီးများ ပြည်တွင်းပြည်ပခရီးများ သွားတတ်သည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း အခြေအနေ အဆင့်အတန်းမြင့်တက်ခြင်းများကြုံမည်။ သင်တန်းတစ်ခုတက်ရခြင်း ပညာကောင်းရခြင်းများကြုံမည်။ မိတ်ဆွေကောင်း ဆရာကောင်းများတွေ့မည်။ အဖိုးတန်စက်ပစ္စည်းများဝင်မည်။ မြေကိစ္စ၊ အမွေကိစ္စများအဆင်ပြေမည်။ ငွေရှာရလွယ်ခြင်း ငွေအဝင်

အထွက်ကြမ်းခြင်းများ ကြုံလိမ့်မည်။ ရပ်ဝေးမှစာများ အဆက်အသွယ်များရလာမည်။ ရန်များခြင်းစကားများဖြေရှင်းရခြင်း ရင်နှီးသူများ လုပ်ဖော်ကိုင်ဘက်များနှင့် အဆင်မပြေလမ်းခွဲရခြင်းများကြုံမည်။ အထူးသတိပြုရန် အလုပ်တွင် အတိုက်အခံအနည်းငယ်ကြုံရတတ်သည်။ အမှုအခင်း ရုံးပြင်ကန္နားနှင့်ပတ်သက်ရတတ်သည်။ စိုးရိမ်စရာမရှိပါ။ အကြီးအကဲကောင်းရနိုင်၏။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်သည်။ ဆွေမျိုးသားချင်းများ ကျန်းမာရေးအသည်းအသန် ဖြစ်တတ်သည်။ လာမည့် မွေးလ မွေးရက်အထိ အသုဘပို့ခြင်းမပြုပါနှင့်အထူးသတိပြုပါ။ နလုံးနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း။ လေနှင့်ပတ်သက်၍ ကျန်းမာရေး ညံ့ခြင်း ဒူး နား ဒုက္ခပေးခြင်းများ ကြုံရတတ်သည်။ စပ်တူရှယ်ယာလုပ်ငန်းများပေါ်လိမ့်မည်။ လုပ်လျှင်အောင်မြင်မည်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွား တိုးတက်အောင်မြင်မည့်ကလာ ဖြစ်ပါသည်။ ဤကာလအတွင်း ကောင်းကျိုးချမ်းသာများ ပိုမိုရရှိလာစေရန်နှင့်အညံ့အခိုက်များ သက်သာပြေပျောက်စေရန် အောက်ပါ ယတြာများကို ဂရုစိုက်ပြုလုပ်ပါလေ။ ဘုရားဖူးခရီးသွားပါ၊ ခရီးစရိတ်ပြတ်နေသူကို ငွေလှုပါ၊ မွေးနေ့တိုင်း အိပ်ရာရွှေ့ပြောင်း၍အိပ်ပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်



အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း ပြောင်းရွှေ့ရခြင်း လုပ်ရတတ်သည်။ အိမ်သစ်ဆောက်လျှင် ကောင်းအချိန်ဖြစ်သည်။ လုပ်ငန်းအသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့်ပတ်သက်၍ အဆက်အသွယ် သစ်များ။ ပေါ်လာလိမ့်မည်။ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း နေရာကောင်းရခြင်း၊ လုပ်ငန်း တိုးချဲ့ရခြင်းများ လုပ်ရတတ်သည်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သော ကာလဖြစ်သည်။ ဇာတာရှင်သည် ယောကျ်ားဖြစ်ပါက အိမ်ထောက်ကျလျှင် ကောင်းပါသည်။ မင်္ဂလာဆောင်လျှင် စည်ကား သော မင်္ဂလာဆောင်ဖြစ်မည်။ အိမ်ထောင်ပရိဘောဂ အိမ်သုံးပစ္စည်း ဝင်တတ်သည်။ သူခိုး၊ မျက်စေ့ အကျ ခံရတတ်သောကာလဖြစ်၍ သူခိုး အခိုးခံရတတ်ကြောင်း သတိပြုပါလေ။ ခရီးအကျိုးပေးသော ကာလဖြစ်ပါ သည်။ ဘုရားဖူးခရီး သွားရတတ်သည်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမည်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်သည်။ အိမ်သို့ အတောင်ပါသော သတ္တဝါများ ဝင်လာတတ်သည်။ ဝင်လျှင် နိမိတ်ကောင်းသည်။ သွပ် သံ သစ် စသော သောကြာနံပစ္စည်းများ ဝင်လာတတ်သည်။ အထူးသတိ ပြုရန် မိတ်ဆွေရင်း လုပ်ဖော်ကိုင်ဘက်တို့က ဒုက္ခပေးတတ်သည်။ မြေကိုအကြောင်းပြု၍ စိတ်ညစ်ရတတ် သည်။ မြေအဝင်မခံရပါ။ မြေဝင်လျှင် ကြာသပတေးနံထုတ်ပစ်ပါ။ ပညာရေးနှင့်ပတ်သက်သောပစ္စည်း လှူဒါန်းပါ။ ရွှေနှင့်အဖိုးတန်ရတနာပစ္စည်းများဝင်လာမည် ဘုရာဆင်းတုတော် စွယ်တော် ရဟန္တာပုံတော်များ ကြွလာတတ်သည်။ လက်ဝတ်ရတနာများ ကျောက်ပြုတ်ထွက်ခြင်းပျောက်ခြင်း၊ ဖြစ်တတ်သည်။ အလုပ်တွင် အတိုက်အခံ ပြိုင်အဆိုင် ကြီးစွာကြုံမည်။ အတိုက်အခံမှန်သမျှ အနိုင်ရမည်။ မိသားစုအကြီးအကဲ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်သည်။ အထူးသဖြင့် ဖခင် ကျန်းမာရေးညံ့တတ်သည်။ ထိပေါက်သကဲ့သို့ ငွေများဝင် တတ်သည်။ ဤကာလအတွင်း ကောင်းကျိုးချမ်းသာများ ပိုမိုရရှိလာစေရန်နှင့်အညံ့အခိုက်များ သက်သာပြေပျောက်စေရန် အောက် ပါယတြာများကို ဂရုစိုက်ပြုလုပ်ပါလေ။ အုန်းထမင်း၊ အုန်းနို့နှင့်ချက်ထားသော ဘဲသားဟင်းကို ဘုန်းကြီးလှူပါ၊ တံခွန်းကုက္ကား မလေးပွား ပြုလ်တိုင်သက်စေ့လှူပါ။

## ကြာသပတေးသားသမီးများအတွက်

အလှူအတန်းကိစ္စများ မုချလုပ်ရမည်။ ငွေအစုလိုက်အပုံလိုက် ဝင်လာလိမ့်မည်။ မိမိ၏ အလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လာတတ်သည်။ ဤကာလ မျိုး၌ သာမန်အခြေအနေမျိုးမှနေ၍ စီးပွားအရှိန်အဟုန်နှင့်တက်ကာ လက်ရှိအခြေအနေထက် အဆပေါင်းများ စီးပွားတက်လိမ့်မည်။ မိမိလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းမလိုက်ရန် သတိပေးလိုပါသည်။ မိမိအား ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမည်။ မသင့်မြတ်သူများနှင့် ပြန်လည် သင့်မြတ်သွားမည်။ အဖိုးတန်ကျောက်မျက်ရတနာများဝင်မည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရသော ကာလဖြစ်သည်။ အထက်လူကြီး၊ မိသားစုကြီးကဲသူများကြောင့် စိတ်ညစ်ရမည်။ အတူနေမိသားစုထဲမှ အကြီးအကဲ အဘိုးအဘွားများအရေးဖြစ်တတ်သည်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သော ကိစ္စများ အကျိုးပေးအောင်မြင်မည်။ ခရီးများမကြာခဏ ထွက်ရတတ်သည်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်လိမ့်မည်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း အခြေအနေမြင်တတ်ခြင်း ကြုံရလိမ့်မည်။ ပညာရေးကိစ္စများ သင်တန်းကိစ္စများကိုအကြောင်းပြု၍ စိတ်ညစ်ရတတ်သည်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်း ရခြင်းများ ကြုံရတတ်သည်။ အင်္ဂါနံ စိန်၊ စက်ပစ္စည်းထွက်တတ်သည်။ ရွှေထည်ဝယ်လျှင် အသစ်များသာဝယ်သင့်သည် အပျက်အဟောင်း မဝယ်သင့်ပါ။ အထူးသတိပြုရန် အောက်လက်ငယ်သား သားသမီးထွက်သွားခြင်း၊ ၎င်းတို့အတွက် သောကရောက်ရခြင်းများ ကြုံရတတ်သည်။ ဆီးရောဂါ၊ မျက်စိရောဂါများ ဒုက္ခပေးခြင်း၊ အစားမှားခြင်း၊ ဆေးမှားခြင်းများ ကြုံရတတ်သည်။ စာရွက်စာတမ်း စာချုပ်ကိစ္စများအတွက်စိတ်ညစ်ရခြင်း၊ ပစ်စာတိုင်စာရောက်ခြင်းများ ကြုံရတတ်သည်။ ဆွေမျိုး သားချင်းများကို ကောင်းစွာ အကူအညီပေးနိုင်လိမ့်မည်။ လက်ရှိအလုပ်အကိုင်ကို စိတ်မဝင်စားခြင်း၊ အလုပ်ပြောင်းလိုစိတ်များ ကြုံလာတတ်သည်။ အိမ်ဝယ်နိုင်သော်လည်း အိမ်အနား

အဆာမလွတ်၊ အိမ်ဆွေ့်သည်မပြတ်၊ အိမ်ဆောက်လျှင် တန်းလန်းဖြစ်တတ်သည်။ ခိုင်မာသော စီးပွားရေးလုပ်ငန်းများ တည်ဆောက်ထားပါ။ ရရှိသော အကြွေးများကို ယခုကာလတွင် ကြိုတင်စုဆောင်းထားပါ။ သို့မဟုတ်ပါက ဆုံးတတ်သည်။ ဤကာလအတွင်း ကောင်းကျိုးချမ်းသာများပိုမိုရရှိလာစေရန်နှင့်အညံ့အခိုက်များ သက်သာပြေပျောက်စေရန် အောက်ပါယတြာများကို ဂရုစိုက်ပြုလုပ်ပါလေ။ ထီးဖြူအသေးသက်စေ့နှင့်ထီးဖြူအကြီး တစ်လက်ကို မွေးနေ့နက်တွင်ဘုရားလှူပါ။ အမွှေးနံ့သာနှင့်ဘုရားအားရေသပ္ပာယ်ပါ။

## သောကြာသားသမီးများအတွက်




ဘုရားဆင်တုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်သည်။ မထင်မှတ်သောခရီးများ မရည်ရွယ်သော ခရီးများသွားရတတ်သည်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်သည်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့်ပတ်သက်သောကိစ္စများ အောင်မြင်ခြင်းများကြုံမည်။ နာမည်ဂုဏ်သတင်းတိုးတက်ခြင်း ဘုန်တန်ခိုး တိုးတက်ခြင်းများကြုံရမည်။ မနာလိုသူလည်းပေါ်လိမ့်မည်။ မိမိထက်မြင့်သူနိမ့်သူနှစ်ဦးလုံးက ဒုက္ခပေးလာတတ်သောအချိန်ဖြစ်ပါသည်။ လုပ်ဖော်ကိုင်ဘက်များ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာကြုံတတ်သည်။ အလုပ်တွင် အပျက်စီးအဆုံးရှုံး အလေအလွင့်များနေလိမ့်မည်။ ငွေပျောက်ခြင်း ကြွေတင်ခြင်း ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်သည်။ ကြီးကဲသူအထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်သည်။ အလှူပွဲမင်္ဂလာပွဲအစီစဉ်များ အထစ်အငေါ့ကြုံခြင်း ရက်ရွှေ့ခြင်းများ ကြုံရတတ်သည်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေးအဆင်မပြေ ဖြစ်နေမည်။ လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ်ပေါ်လာမည်။ ပြောင်းလျှင် ပိုဆိုးသွားတတ်သည်၊ အထူးသတိပြုရန်၊ အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါး၊ သွား ဒုက္ခပေးခြင်းများ ကြုံရတတ်သည်။ ဤကာလအတွင်း အမှုအခင်းမဖြစ်စေရန် အထူးဂရုစိုက်ပါ။ ဖြစ်လျှင် မပြီးနိုင်ဘဲဖြစ်နေတတ်သည်။ ငွေနှင့်လိုက်လျှင် ရှုံးသွားတတ်ပါသည်။ ပစ္စည်းမငှားရမ်းပါနှင့် ဆုံးလိမ့်မည်။ ဤကာလအတွင်း မည်သည့်အခက်အခဲနှင့်ကြုံသည်ဖြစ်စေ အားကိုးမရှာနှင့်၊ ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်သည်။ အောက်လက်ငယ်သား ထွက်သွားခြင်း၊ ကျန်းမာရေးညံ့ခြင်း ကြုံရတတ်သည်။ ထိကံကောင်းသော ကာလဖြစ်ပါသည်။ ပညာအသစ်တစ်ခု ရတတ်သည်။ အိမ်ထောင်ဘက် ကျန်းမာရေးညံ့လိမ့်မည်။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်သည်။ ဆေးရုံ၊ ဆေးခန်းသို့သွားရတတ်သည်။ ကျောဒုက္ခပေးခြင်း၊ ကျောက်ရောဂါရခြင်းဖြစ်မည်။ အိမ်ပြင်၊ အိမ်ဆောင်၊ အိမ်ပြောင်းမပြုပါနှင့်။ အာမခံမလုပ်ပါနှင့်။ စပ်တူအရောင်းဝယ် အကြီးအကျယ်မလုပ်ပါနှင့်။ ဤကာလအတွင်းကောင်းကျိုးချမ်းသာများ ပိုမိုရရှိလာစေရန်နှင့်အညံ့အခိုက်များ သက်သာပြေပျောက်စေရန် အောက်ပါယတြာများကို ဂရုစိုက်ပြုလုပ်လေ။ နေ့စဉ်ခန္ဓာကိုယ်သန့်ရှင်းရေး၊ အိမ်သန့်ရှင်းရေးလုပ်ပါ။ သောက်ရေအိုး ကိုယ်တိုင်ရေထည့်ပါ။ တစ်ပတ်တစ်ကြိမ်အဓိဋ္ဌာန်ဝင်ပါ။

## စနေသားသမီးများအတွက်

ခရီးတိုး ခရီးရှည်များ သွားနေရလိမ့်မည်။ ထိုခရီးသည်များသည်လည်း သင့်အတွက် ကျိုးထူးစေပါလိမ့်မည်။ မထင်မှတ်ဘဲ ပညာတစ်ခုသင်ကြားရခြင်း သင်တန်းတစ်ခုတက်ရခြင်းများ ပြုလုပ်ရတတ်ပါသည်။ မရည်ရွယ်ဘဲ မြေဝင်တတ်သည်။ ဤလအတွင်း အစစအရာရာသတိကြီးစွာထားရန်လိုပါသည်။ မိမိအပေါ် မကောင်းကြံခြင်း မကောင်းပြောခြင်းများ ခံရတတ်သည်။ အလုပ်အကိုင်၌ ထိခိုက်တတ်သည်။ ပြဿနာကြီးစွာ ဖြေရှင်းရတတ်သည်။ ရုံးပြင်ကန္နာ၊ အမှုအခင်းများနှင့်ပတ်သက်ရတတ်သည်။ မိမိနှင့်တကွ မိသားစုပါကျန်းမာရေးညံ့တတ်သည်။ ဆေးရုံ၊ ဆေးခန်းအထိရောက်ရတတ်သည်။ မီး၊ လျှပ်စစ်ဒုက္ခပေးတတ်သည်။ အထူးသတိပြုပါ။ လူမျိုးခြား ဒုက္ခပေးတတ်သည်။ သားသမီး လက်အောက်ငယ်သားအတွက် စိတ်ညစ်စရာကြုံမည်။ စက်ပစ္စည်းဒုက္ခပေးတတ်သည်။ ရွှေနှင့်ရတနာပစ္စည်းများထွက်ခြင်း၊ ပေါင်နှံရခြင်းများ ကြုံရတတ်သည်။ ငွေဒလဟောထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်သည်။ မထင်မှတ်သော ဆွေမျိုးသားချင်းက အကူအညီကောင်း ပေးလိမ့်မည်။ ဌာနဆိုင်ရာ အကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီအကောင်းပေးလာလိမ့်မည်။ အထူးသတိပြုရန် ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်သည်။ ခြေထောက်တွင်အန္တရာယ်ဖြစ်တတ်သည်။ လုပ်ငန်းအသစ်၊ အစီအစဉ်သစ်များ ပေါ်ပေါက်လာတတ်သည်။ ယခင်နှစ်များက ကျန်ခဲ့သော ရွှေငွေ၊ ရတနာများ ယခုနှစ်ထဲတွင် ကုန်ဆုံးသွားတတ်သည်။ လောကဓံတရား၏မတရားညှဉ်းပမ်းမှုကိုခံရပြီး မဖျော်လင့်ဘဲ သံဝေဂတရားရလိမ့်မည်။ အစစ်အဆေးအမေးအမြန်းခံရတတ်သည်။ ကိုယ်ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခု ထိခိုက်တတ်သည်။ ဤကာလအတွင်း ကောင်းကျိုးချမ်းသာများ ပိုမိုရရှိလာစေရန်နှင့်အညံ့အခိုက်များ သက်သာပြေပျောက်စေရန် အောက်ပါယတြာများကို ဂရုစိုက်ပြုလုပ်ပါလေ။ ထီးနီသက်စေ့လှူပါ။ ဆေးဝါးဓာတ်စာလှူပါ။

သင်တို့၏အကျိုးကို ထာဝစဉ်လိုလားသော

ဆရာဟိန်းတင့်ဇော် (တစ်ရာ့ရှစ်တောင်ဘုရား၊ သာကေတ၊ ရန်ကုန်၊ မြန်မာနိုင်ငံ)

# အိမ်



**ကျနော်** တို့ပတ်ဝန်းကျင်အသိုင်းအဝိုင်း၌ စားဝတ်နေရေးဆိုတဲ့အသိုင်းအဝိုင်းထဲက စားဝတ်နေရေးဆိုတဲ့အရေး သုံးပါးထဲကနေထိုင်ရေးဟာ အဓိကဟု ဆိုရပေလိမ့်မည်၊ အားလုံးသောလူများဟာ ကိုယ်နှင့်သက်ဆိုင်ရာ လုပ်ငန်းခွင်ထဲတွင်တ နေ့တာလုပ်ငန်းပြီးဆုံးသွားလျှင် အိမ်သို့ အမြန်ဆုံးပြန်ရောက်ချင်ကြ၏၊ အားလုံးဟုဆိုရာတွင် အထက်တန်း၊ အလယ်တန်းနှင့်အခြေခံလူတန်းစား အားလုံးပါဝင်၏၊ပြည့်စုံသူများအိမ်သို့ပြန်ရောက်သည့်အခါ ခေတ်မှီသော အသုံးအဆောင်၊ တောက်ပသောအသွင်အပြင် နူးညံ့သော၊ သာယာသော အဆောင်အယောင်များနှင့်အပန်းဖြေရန်အဆင်သင့်ရှိနေပေ၏၊ မပြေလည်သောသူများအဖို့မှာအိမ်ပြန်ရောက်သည့်အခါ မှိတ်တုတ်မှိတ်တုတ်ဖယောင်းတိုင်အလင်းရောင်ကိုအားကိုး၍ မိသားစုနှင့်အတူစားသောက်စကားပြောရင်းအမောဖြေနောက်တနေ့လုပ်ငန်းခွင်အတွက်အားရှိရန် စောလျှင်စွာအိပ်ယာဝင်ကြရ၏၊ သို့သော်လည်း ပြည့်စုံသူများအိမ်ပြန်ရောက်ရန် အလျှင်လိုသကဲ့သို့ ချို့တဲ့သူများလည်း အိမ်အမြန်ရောက်ရန် စိတ်စောနေတတ်၏၊ (၁၀ ပေ–ပေ ၆၀)ခန့်သာရှိသောမြေကွက်ကလေးထဲမှာ မုန်ကုပ်ကုပ်တဲကလေးသည် မထယ်ဝါသော်လည်း ကျနော်တို့၏ ဗိမာန်ဖြစ်၏ နန်းတော်ဖြစ်၏၊ ခနိမိုးကျိုးတို့ကျဲတဲ ထရံအပေါက်အပြဲဖြစ်နေအုံးတော့ လုံခြုံ၏၊ အေးချမ်း၏၊ နွေးထွေးမှုအပြည့်အဝရရှိ၏၊ တနေ့တာ ပင်ပန်းနွမ်းနယ်သမျှကို သက်သာပျောက်ကင်းစေ၏၊ တကယ့်ကို ချိုမြိန်သောအိမ် (Sweet Home)ပင်ဖြစ်၏၊ လူတိုင်းလည်း ကျတော့်ကဲ့သို့ ထပ်တူခံစားဖူးလိမ့်မည်လို့ယုံကြည်မိပါသည်။ ကျတော်တို့ နှလုံးသားများကို ၄င်းအိမ်ကပေးသည် အပြီးအပိုင်သိမ်းပိုက်ထားပြီးလေပြီ။

**နီးစပ်မှု** တန်ဖိုးဝေးကွားမှုသိကြ၏ အိမ်နှင့်မိုင်ပေါင်းများစွာဝေးသော အရပ်သို့ရောက်နှင့်နေသူများ ပိုပြီးခံစားတတ်မည်ထင်၏၊ မိုးပေါက်မိုးစက်များရွာသွန်းချိန် ဒါမှမဟုတ် အေးအေးချမ်းချမ်းနဲ့နှင်းမှုန်များကျသည့်အခါဖြစ်စေ တိုက်ဆိုင်မှုရှိတိုင်းတွင် အိမ်ကိုလွမ်းမိတတ်၏၊ မည်သူမျှ လေစိမ်းတွေတိုက်နေသော အစိမ်းသက်သက်ပတ်ဝန်းကျင်တွင် အထူးပျော်ရွှင်နိုင်မည်မဟုတ်ပေ၊ ရောဂါအတော်များများမှာ ကုသလျှင်ပျောက်ကင်းနိုင်သော်လည်း အိမ်လွမ်းသောရောဂါကို ကုသရန်ဆေးဝါးမရှိသေးပေ အိမ်နှင့်ဝေးကွာသောအကွာအဝေးပို၍များလျှင် လွမ်းဆွတ်တမ်းတသောရောဂါ ပိုပြင်ထန်၏၊ ကနေဒါနိုင်ငံမှာနေထိုင်သော မြန်မာလူမျိုးတဦးသည် မြန်မာပြည်တွင်ရှိသော ၄င်း၏အိမ်ကိုပြန်မရသောကြောင့် အိမ်လွမ်းဆွတ်ပြင်းထန်ကာ ကိုယ့်ကိုကိုယ် သက်သေသွားသည်ကိုကြားဖူး၏၊ တချို့ဆိုလျှင် အလုပ်ကိစ္စအရေးကြီးသဖြင့် အိမ်မပြန်ဖြစ်သောညများတွင် အိပ်ယာပြောင်းသောကြောင့် အိပ်၍မပျော်နိုင်ပဲ ရှိကြ၏၊ ထို့ကြောင့် ပြည့်စုံသူများအိမ်ပြန်ရန် မက်မောသလို ချို့တဲ့သူများအိမ်ပြန်ရန် ဆာလောင်သည်ဟုပြောခဲ့ခြင်းမှာ လွန်မည်မထင်ပေ၊ အိမ်သို့ နှစ်ပေါင်းများစွာမပြန်ပဲ အိမ်ပြန်ရန်အခွင့်ရေး၊ အိမ်ပြန်ရန်အသိ သိလိုက်ရချိန်တွင် ရင်ခုန်နှုန်းများမြန်ဆန်လာပြီး ဝုန်းဒိုင်းကျဲစွာခံစားတတ်ရ၏၊ ဆွဲငင်အားကြီးမားပြင်းထန်လှပေ၏။

**ငယ်ရွယ်** နုပျိုစဉ်အခါ၌ အိမ်ပြန်ရန်အခွင့်အရေးများ ရရှိသော်လည်း ၄င်းအခွင့်အရေးများကို ဖြုန်းတီးခဲ့ပြီး အိုမင်းမစွမ်း မီးစာကုန်ဆီခမ်းသောအခါမှ အိမ်သို့ပြန်ချင်လွန်းသော သနားစရာ အဖိုးအို၊ အဖွားအိုများကို တွေ့ဖူး၏၊ ဆွေးမြေ့သောခန္ဓာကိုယ်နှင့်အထီးကျန်သောဝေဒနာများထွေးပွေ့ပြီး နေ့စဉ် ဝမ်းနည်းနေကြတော့၏၊ ကျောက်ခဲသလုံးကို ကောက်ယူပြီး မိုးပေါ်သို့ပစ်တင်လိုက်လျှင် ပစ်သောသူ၏အားနှင့်ကျောက်ခဲအလေးချိန်ပေါင်းကာ ရောက်နိုင်သမျှ အမြင့်ဆုံးသို့ရောက်သွားမည်ဖြစ်၏၊ အရှိန်ကုန်သွားသောအခါ ပြန်၍ကျလာမည်၊ ကျတော်တို့သည် ကိုယ်စွမ်းရှိသလောက် ခရီးများစွာ၏ ညဏ်စွမ်းရှိသလောက် ဥစ္စာပစ္စည်းများရှာဖွေသည်၊ သို့သော် ဘဝနေဝင်ချိန်အမှီ အိမ်သို့ပြန်ရန်သင့်သည်ဟုမြင်၏၊ အိမ်ပြန်ရောက်သောအခါ မိမိကြုံခဲ့သော အတွေ့အကြုံများ၊ ဗဟုသုတ ရှေးဟောင်းနှောင်းဖြစ် အဖြစ်အပျက်များကို မိသားစုများ၊ ဆွေမျိုးများ၊ မိတ်ဆွေအပေါင်းအသင်းများအား ပြန်လည်ဖောက်သည်ချရင်း နေဝင်ချိန်နောက်ဆုံးနေ့ရက်များကို အေးချမ်းစွာကုန်ဆုံးသင်၏ ရောက်ရာအရပ်တွင် ပျော်သလိုနေ ကြုံသလိုမဖြတ်သန်းသင့်၊ အဘယ်ကြောင့်ဆိုသော် ပြန်လို့မရနိုင်သောအရာများထဲတွင် အချိန်သည်လဲ ပါသောကြောင့်ဖြစ်၏။

**လူငယ်** လေးတယောက်နှင့်ကြုံဖူး၏ ၄င်းသည်အိမ်သို့အရမ်းပြန်ချင်၏၊ သူငယ်ချင်းထဲမှ အိမ်ပြန်သွားသည်ဖြစ်စေ အိမ်ပြန်သည့်အကြောင်းများ သူနှင့်ပြောသည်ဖြစ်စေ၊ သူ၏မျက်လုံးအတွင်းမှ ကြေကွဲရိပ်များထင်ဟပ်လာပြီး မျက်နှာညှိုးရော်သွား


မြန်မာပြည်သားအရေး ပူးတွဲလှုပ်ရှားမှုကော်မတီ (JACBA)မှ လစဉ်ထုတ်ဝေဖြန့်ချီသည်။

၏ သို့သော် လူငယ်မှာ အရက်အလွန်သုံးစွဲသောကြောင့် လမ်းပင်ကောင်းကောင်း မလျှောက်နိုင်တော့ပဲ အောက်ပိုင်းသေချင်သလိုဖြစ်နေသည်၊ အလုပ်လည်းမရှိပေ၊ အဆိုးဆုံးမှာ အရက်လုံးဝမဖြတ်နိုင်တော့ချေ၊ သူမည်သို့ရှေ့ဆက်သွားမည်ကို ကျနော် တွေးလို့မရပါ၊ ထိုလောက်မဆိုးသေးသော်လည်း ထိုသို့ အလားအလာရှိသော လူငယ်များလည်း အကြာခဏ တွေ့ရတတ်သည်၊ သူတို့၏ အတွေးထဲတွင် အိမ်သည် နေစရာ အိပ်စရာလောက်သာမြင်၏ အမှန်တကယ်မှာ ထိုထက်ပို၏၊ ကျတော်တို့ငယ်ငယ် ကလေးဘဝက ကလေးအချင်းချင်းဆော့ရာမှ ရန်ဖြစ်ပြီး တဖက်က လေးဦးခေါင်းကို အုပ်ခဲကျိုးနှင့်ထုချလိုက်ရာ ၄င်း၏ခေါင်းမှ သွေးတို့စီးကျလာ၏၊ ကွဲသွားသော ဒဏ်ရာမှာ သိပ်မကြီးသော်လည်း ဆော့နေသောအရှိန်နှင့်သွေးဆူနေသောကြောင့် ကျလာသောသွေးတို့မှာ မျက်နှာတွင် ချင်းချင်းရဲနေသည်၊ ကျတော်လည်း လန့်ဖျန့်ပြီးကာ အိမ်သို့ တချိုးထဲပြေးတော့၏၊ အမှန်တကယ်မှာ ထိုအချိန်တွင် အိမ်၌ အားကိုးစရာ အဖေ၊ အမေနှင့်မိသားစုများတယောက်မှ မရှိပေ၊ ကျတော့်အဒေါ် အပျိုကြီးတဦးသာရှိ၏၊ ၄င်းမှာ နုံနုံအေးအေးကြီးဖြစ်သောကြောင့် ထင်သလောက် အားကိုးမရချေ၊ သို့သော် ငယ်ရွယ်နုနယ်သော ကလေးတယောက် အသိ၌ပင် အိမ်သည် ဘေးကင်းရာ အားကိုးရာ လုံခြုံရာဟု သိနေသောကြောင့် ဖြစ်၏၊

**လောက** အတွင်း၌ အိမ်များကို အခိုင်ခန့်ဆုံး အထည်ဝါဆုံး အလှပဆုံး စသည်ဖြင့် အမျိုးမျိုးဆောက်လုပ်မွန်းမံကြသည်၊ သူတို့သည်လည်း မိမိဘဝအား အတောက်ပြောင်ဆုံး၊ အထင်ရှားဆုံး၊ အအောင်မြင်ဆုံးဖြစ်ရန် ရုန်းကန်၏၊ ဖြတ်သန်း၏၊ ကြိုးပမ်း၏၊ အားထုတ်ကြ၏၊ ထို့ကြောင့် အိမ်တည်ဆောက်ပုံနှင့်ဘဝတည်ဆောက်ပုံမှာ သဘောတရားခြင်း အရှင်းမဆန့်ကျင်ပေ။ ။

နေထွေး(မဲဆောက်–ကျောက်စက်)

## လူထုကျန်းမာရေး(ကြက်သွန်ပြားကို ခြေဖဝါးတွင် ကပ်ပြီးအိပ်သောအခါ)

ညမအိပ်ခင်မှာ ကြက်သွန်နီကို အဝိုင်းလိုက် အပြားတစ်ပြားရအောင်လှီးပါ။ ခြေဖဝါးတွင်ကပ်ထားပြီး ခြေအိပ်ထပ်စွပ်ပါ။ ခြေအိပ်မသုံးချင်လျှင် ပါတ်တီး စဖြင့်ချည်နှောင်ပါ။ ဒီလိုလုပ်တာ ကြောင်တောင်တောင်နိုင်တယ်လို့ ထင်ချင်ထင်ပါလိမ့်မယ်။ ဒါပေမယ့် ရလာမယ့် အကျိုးကျေးဇူးတွေကို သင်သိရင်အံ့ဩသွားမှာပါ။

၁။ သွေးများကို သန့်စင်စေခြင်း။ ၂။ ကိုယ်ခန္ဓာအတွင်းရှိ ပိုးမွှားများကိုသေစေခြင်း။ ၃။ အနံ့ဆိုးများကို ဖယ်ရှားပေးခြင်း တို့ဖြစ်ပါတယ်။

တကယ်လို့ – –ခြေအိပ်ကိုသုံးမယ်ဆိုရင် မပြုလုပ်ခင်
ဒူးအထက်ကနေရေလောင်းချပေးပါ။ အပူလည်အောင်လို့ပါ။
ပန်းအိ(မိုမိုလေး)

## မဲဆောက်အထည်ချုပ်စက်ရုံမှ မြန်မာအလုပ်သမား ၇၀၀ကျော်တောင်းဆိုမှု မပြေလည်သေး

ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ရှိ ဂါမန်း(ခေါ်)အောဝမ်း အထည်ချုပ်စက်ရုံမှ ရွှေ့ပြောင်းမြန်မာအလုပ်သမား ၇၀၀ကျော်က မတရားဖိနှိပ်ခံရမှုများအတွက် တောင်းဆိုထားသည့် အချက်(၇)ချက်နှင့်ပတ်သက်၍ စက်ရုံပိုင်ရှင်တာဝန်ရှိသူများနှင့် ဇူလိုင်လ ၄ရက်နေ့က တောင်းဆိုဆန္ဒပြရာမှစတင်၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လာခဲ့သော်လည်း ယနေ့အထိ ပြေလည်မှုမရှိသေးကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် လုပ်အားခကို လတစ်လ၏ (၁၀)ရက်နေ့တွင် ပုံမှန်ပေးချေရန်၊ အချိန်ပိုကို ည(၁၀)နာရီထက်ပိုမခေါ်ရန်၊ အလုပ်သမားကဒ်(ပန်းရောင်ကဒ်)မူရင်းကို စက်ရုံမှထုတ်ပေးရန်၊ လက်ရှိလုပ်အားခထက် ဘတ်(၂၀)ထပ် တိုးပေးရန်၊ အလုပ်သမားများကို ခြိမ်းခြောက်လက်မှတ်ထိုး ခိုင်းစေခြင်း မပြုလုပ်ရန်၊ ထမင်းစားချိန် အပြည့်အဝပေးရန်နှင့် လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိမှုများကို အလုပ်ရှင်မှတာဝန်ယူပေးရန် စသည့်အချက်များကို တောင်းဆိုခဲ့ခြင်းဖြစ်သည်။

၎င်းအပြင် ထိုင်းတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေးဖေါင်ဒေးရှင်း-FED၊ ရခိုင်အလုပ်သမားလှုပ်ရှားမှုအဖွဲ့ ALC၊ ရောင်ခြည်ဦးအလုပ်သမားအဖွဲ့ (YCOWA)တို့မှ ယင်းစက်ရုံရှိ အလုပ်သမားခေါင်းဆောင် ၂၂ဦးကို ဇူလိုင်လ ၆ရက်နေ့တွင် ခေါ်ယူဆွေးနွေးပြီး ဥပဒေဘောင်အတွင်း အခွင့်အရေး အပြည့်အဝရရှိရန် ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထိုင်း–မြန်မာနယ်စပ်၊ မဲဆောက်မြို့တွင် တရားဝင် စက်ရုံအလုပ်ရုံပေါင်း ၂၀၀ကျော်နှင့်တရားမဝင် အိမ်တွင်းမှုလုပ်ငန်းအမည်ခံစက်ရုံအလုပ်ရုံငယ်ပေါင်း(၁၀၀၀)ကျော်ရှိပြီး ထိုင်းဥပဒေအရ နေ့စားခ(၃၀၀)ဘတ်နှင့် အချိန်ပို တစ်နာရီလျှင် ၅၆ဘတ်ရသောစက်ရုံမှာ မဲဆောက်တွင် ၄ ခုမျှသာရှိနေသေးကြောင်း မြန်မာပြည်သားများအရေးပူးတွဲလှုပ်ရှားမှုကော်မတီ-JACBA ဥက္ကဋ္ဌ ဦးမိုးကြိုးက ပြောသည်။

ဂါမန်း(ခေါ်)အောဝမ်း အထည်ချုပ်စက်ရုံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားအများစုမှာ တရားဝင် အလုပ်သမားလက်မှတ်ကိုင်ဆောင်ထားသူ ထက်ဝက်ကျော်ခန့်ရှိပြီး နေ့စဉ် အမြင့်ဆုံးလုပ်အားခမှာ ဘတ်(၁၈၀)ခန့်သာရရှိခဲ့သည်။ ၎င်းစက်ရုံကို ပြီးခဲ့သည့် ၂၀၁၂ခုနှစ်မှစတင်ကာဖွင့်လှစ်ခဲ့ပြီး စက်ရုံစတင်လည်ပတ်သည့်နှစ်မှာပင် အလုပ်သမားများအပေါ် ဖိနှိပ်မှုများကြောင့် ယခုကဲ့သို့ဆန္ဒပြတောင်းဆိုမှု တစ်ကြိမ် ဖြစ်ပေါ်ခဲ့ဖူးကြောင်းသိရသည်။

၁၃–၇–၂၀၁၅(ကေအိုင်စီ သတင်းဌာန)

# ပီတိဖြစ်ရသော ၆ ကြိမ် ၆ ခါမြောက် မဲဆောက် ရဲအချုပ်ခန်းထဲ သွားပို့တဲ့ ကျနော်တို့ကုသိုလ်





ဇူလိုင်လ၁–၂–၃ရက်တွေမှာ ဘန်ကောက်မြို့ကနေ ပန်းရောင်ကဒ်ရယ်၊ ဘန်ကောက်မြန်မာသံရုံးထောက်ခံစာရယ်နဲ့ မြန်မာနိုင်ငံမှာနိုင်ငံကူးလက်မှတ်စာအုပ်ကြီး(ပတ်စ်ပို့စာအုပ်ကြီး)ပြန်လုပ်ဖို့ မဲဆောက်ကိုဆင်းလာကြတဲ့ မြန်မာရွှေ့ပြောင်းလုပ်သား(၁၈၀)ဦး မဲဆောက်မြို့အဝင်မှာ အဖမ်းခံခဲ့ရပါတယ်။





ဒီလိုအခြေအနေကိုဆရာမိုးနဲ့ JACBAအဖွဲ့ဝင်တချို့က အလုပ်သမားသံမှူးသစ် ဦးစိုးနိုင်ထံတင်ပြပြီးတော့ကာသံမှူး ဦးစိုးနိုင်နဲ့ မဲဆောက်မြို့အခြေစိုက် မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာနOne Stop Service(OSS)ရုံးအရာရှိတွေနဲ့ဝန်ထမ်းတွေကက အခုအချိန်အထိညီအကိုမောင်နှမစိတ်ထားနဲ့အစစကူညီနေကြလို့ ဒီလောက်ထိ ၆ ကြိမ် ၆ ခေါက် လှူဒါန်းနိုင်ကြတာပါဗျ။။

ပြန်လည်လွတ်မြောက်လာသော မဝေဝေ က သမီးတို့ ဒီနေ့မနက်ပဲ ၉၉၉ဂိတ်ဘက်ကိုသွန်(ပို့)ပါတယ်။ တရားရုံးကို ၂၀၀၀ဘတ်ငွေဒဏ်ပေးရပါတယ်။ ၉၉၉ ဂိတ်ရောက်တော့သမီးတို့မှာပါလာတဲ့ ပစ္စည်းတွေကိုစစ်ဆေးပြီး ၅၀၀ဘတ်တဲ့။ မရှိတော့ပါဘူး။ အိမ်က မိဘတွေကိုကန်တော့ဖို့နဲ့ ပြန်တက်ဖို့ပဲကျန်တော့တာပါလို့ ရှင်းပြလည်းမရပါဘူး။ သမီးစိတ်ထင်သမီးနဲ့အတူ ၃၀ ယောက်လောက်ရှိမယ်ထင်ပါတယ်။.. ဆရာမိုးကိုမမေ့ပါဘူး..ဟုရှင်းပြသည်။













ထိုင်း–မြန်မာနယ်စပ်မဲဆောက်မြို့ သောင်ရင်းမြစ်ကမ်းနားဒေသ ဖေ့မှုရွာရှိဇာဘော်လီချုပ်စက်ရုံငယ်တစ်ခုမှ မြန်မာအမျိုးသမီး အလုပ်သမား ၇ ဦး ယနေ့အလုပ်ဖြုတ်ခံရသဖြင့် မြန်မာပြည်သားများအရေးပူးတွဲလှုပ်ရှားမှုကော်မတီမှ သွားရောက်ကူညီ (ဇူလိုင်လ ၉ ရက်၊ ၂၀၁၅ –သောင်ရင်းနဂါး)




ထိုင်း–မြန်မာနယ်စပ်မဲဆောက်မြို့ ဖေ့မှုရွာရှိ အထည်ချုပ်တစ်ခုစက်ရုံမှ မန်နေဂျာကမောင်းထုတ်သဖြင့် လုပ်ခဲ့ပြီးသောလစာအပါအဝင် အခြားသောနစ်နာမှုများကို ပြန်လည်ရရှိရန် ယနေ့တွင် ထိုင်းအလုပ်သမားဝန်ကြီးဌာန မဲဆောက်ခရိုင်ခွဲ အလုပ်သမားကြီးကြပ်ကာကွယ်ရေးရုံး(LPO)ရုံးသို့ ဆက်သွယ်တိုင်ကြားကြသည်။ (ဇူလိုင်လ ၇ ရက်၊ ၂၀၁၅–သောင်ရင်းနဂါး)




(ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံအလုပ်သမားသံမှူးသစ် ဦးစိုးနိုင်နဲ့ ဆရာမိုးတို့ ဘန်ကောက်မြို့တော် တနေရာမှာ အခုလိုအမှတ်တရ)




ရွှေ့ပြောင်းလုပ်သား မေတ္တာခံယူတဲ့ခေါင်းဆောင်ပေမို့ (မဲဆောက်ကဆရာမိုးနှင့် မဲဆောက်မြို့ပြင် နောင်ဘွားရွာက မြန်မာရွှေ့ပြောင်းလုပ်သားအချို့)

# ထိုင်းတွင် မိုဘိုင်း SIM ကဒ် မှတ်ပုံတင်ရန် တစ်လသာ ကျန်တော့သည်





ထိုင်းနိုင်ငံမှာအသုံးပြုနေကြတဲ့ မိုဘိုင်း SIM ကဒ်တွေကို မှတ်ပုံတင်ဖို့ လာမယ့်ဇူလိုင်လ ၃၁ ရက်ကို နောက်ဆုံးရက်အဖြစ် သတ်မှတ်လိုက်ပြီ ဖြစ်ပါတယ်။၂၀၁၅ ခုနှစ် နှစ်စပိုင်းမှစပြီးတော့ SIM ကဒ်များကို မှတ်ပုံတင်ဖို့ ထိုင်းအစိုးရက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ထိုင်းနိုင်ငမှာလက်ရှိ ငွေဖြည့်သုံးနေတဲ့ SIM ကဒ် အသုံးပြုသူပေါင်း သန်း ၉၀ ဝန်းကျင်ရှိတဲ့အနက် ၅၄ သန်းသာ မှတ်ပုံတင်ထားကြောင်း ထိုင်းနိုင်ငံ ရုပ်သံထုတ်လွှင့်ခြင်းနဲ့တယ်လီဖုန်း ဆက်သွယ်ရေးဆိုင်ရာကော်မရှင် (NBTC)ထုတ်ပြန်ထားပါတယ်။

ရောဝတီအင်တာနက်သတင်းစာမျက်နှာကဖြစ်ပါတယ်ရှင်။

# လူကုန်ကူးခံရသည့် မြန်မာအလုပ်သမား ၆၀ ကျော်ကို ကယ်ထုတ်



ထိုင်းနိုင်ငံအလယ်ပိုင်း စမွတ်စခွန်ခရိုင် မဟာချိုင်မြို့နယ်ထဲမှာ လူကုန်ကူးခံရတဲ့ မြန်မာနိုင်ငံသား ၆၄ ဦးကို ထိုင်းအာဏာပိုင်၊ မြန်မာသံရုံးနဲ့အလုပ်သမား အရေးဆောင်ရွက်နေတဲ့အဖွဲ့တွေပူးပေါင်းပြီး သွားရောက်ကယ်ထုတ်ခဲ့ကြပါတယ်။

မဟာချိုင်မြို့ ကော့စမွတ်ရပ်ကွက်ထဲမှာ လူကုန်ကူးခံရတဲ့ မြန်မာအလုပ်သမားတွေ ဖိနှိပ်ခံနေရကြောင်း တိုင်ကြားချက်အရ ထိုင်းစစ်တပ်၊ ရဲတပ်ဖွဲ့တာဝန်ရှိသူတွေနဲ့အတူ သွားရောက်ကယ်တင်ပြီး လူကုန်ကူးခေါင်းဆောင်တွေ၊ ပွဲစားတွေပါ ဖမ်းမိတယ်လို့ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ချုပ် အဖွဲ့ဝင် ဦးဘခက်က "လူကုန်ကူးခံရတဲ့ထဲက ကိုဆန်းမိုးအောင်ဆိုတာ အလုပ်သွားတဲ့အချိန်မှာထွက်ပြေးပြီး မြန်မာသံရုံးကို လာတိုင်တယ်။ သံရုံးက စာရွက်စာတမ်းတွေလုပ်ပေးပြီး ကျနော်တို့အဖွဲ့ဆီ လွှတ်လိုက်တယ်။ ကျနော်တို့ကလည်း ထိုင်းစစ်တပ်၊ ရဲတွေနဲ့ချိတ်ဆက်ပြီး ဇူလိုင် ၇ ရက်နေ့က အဲဒီနေရာကို သွားပြီးစီးနင်းခဲ့ပါတယ်။ အဲဒီနေ့က အလုပ်သမားတွေကို ခေါ်ထုတ်ခဲ့ပြီး နောက်နေ့ ဇူလိုင် ၈ ရက်မှာ တခေါက်ပြန်သွားတယ်၊ ကျန်တဲ့လူတွေရော လူကုန်ကူးဂိုဏ်းခေါင်းဆောင် ၁ ယောက်နဲ့ ပွဲစား ၄ ယောက်ကို ဖမ်းမိတယ်၊ အားလုံး မြန်မာပြည်ကပဲ၊ ပွဲစား ၁၂ ယောက်က ထွက်ပြေးသွားတယ်။"ဟုပြောပါသည်။

လူကုန်ကူးခံရသူတွေဟာ မြန်မာနိုင်ငံအရပ်ရပ်ကနေ ပွဲစားနဲ့ရောက်လာတာဖြစ်ပြီး အဲဒီရောက်တော့ ပွဲစားက နဂိုပြောထားတဲ့ ငွေထက် ပိုတောင်းကြောင်း၊ အကြွေးကျေဖို့ နှစ်နဲ့ချီပြီးအလုပ်လုပ်ပေးရကာ မိမိရတဲ့လုပ်အားခအမှန်ကိုမသိဘဲ ပွဲစားပေးသလောက်သာရကြောင်း၊ အဲဒီနေရာနဲ့ အလုပ်ရုံကလွဲလို့ ဘယ်မှထွက်ခွင့်မရှိ၊ ထွက်ပြေးရင် ထိုင်းရဲနဲ့ပြန်ဖမ်းပြီး အမျိုးသမီးငယ်တချို့မှာ အဓမ္မကျင့်ခံရတာတွေလည်း ရှိတယ်လို့ ဆိုပါတယ်။

သူတို့သွားဝိုင်းတဲ့ နေရာဟာ အလုပ်ရုံဟောင်းတခုဖြစ်ပြီး အခန်းပေါင်း ၈၀ကျော်ရှိကြောင်း၊ ၅ ယောက်လောက်သာ နေသင့်တဲ့ အခန်းတခန်းကို လူ ၁၄ - ၁၅ ယောက် ပြွတ်သိပ်ထည့်ထားပြီး ပွဲစားတွေ ရှာပေးတဲ့ အထွေထွေအလုပ်မျိုးစုံကို မနက်သွား ညပြန်လုပ်ရကြောင်း၊ နားရက်မှာ အခန်းအောင်းနေရပြီး အပြင်ကနေ သော့ပိတ်ထားကာ ကျေးကျွန်လို နေရတယ်လို့ ဦးဘခက်က ဆက်ပြောပါသည်။ ၁၀–၇–၂၀၁၅(ဒီဗွီဘီ)

## အလှူငွေထည့်ဝင်ကြပါ။

(၂၀၁၅ ဇူလိုင်လ မြန်မာပြည်သားစာစောင် အလှူရှင်များစာရင်း)

(၂၀၀ ဘတ်နှင့် အထက်အလှူရှင်များ)၁။ ဦးဝတုတ်(ဆန်ရေ စျေးဆိုင်၊ မဲဆောက်မြို့ ပန်းရုံအနီး) ၂။ မယ်ပ်ပင်းကျောက်စက်မိသားစု၊ ၃။ ဦးကျော်စိုး(မယ်ပ်ပင်းကျောက်စက်)၊ ၄။ မဇင်နွယ်နှင့်ဖိသစ်စက် ရုံးအဖွဲ့၊ ၅။ ဒေါ်မြင့်ခိုင်နှင့်ဖိခိုင်စက်ရုံအဖွဲ့၊ ၆။ ဒေါ်သီတာ(ဂျဂွာစတီးစက်ရုံ)၊ ၇။ ဦးဇော်လတ်(မနုတ်စက်ရုံ)၊ ၈။ ဒေါ်စံ(မစံစျေးဆိုင်–ဘန့်ဖလုတ်ရွာ)၊ ၉။ ဒေါ်အေး(မအေးစျေးဆိုင်)၊ ၁၀။ ကိုထွန်းတောက်နှင့်အမိုးနီစက်ရုံအဖွဲ့။၁၁။ အမိုးဖြူစက်ရုံအဖွဲ့

(၁၀၀ ဘတ် အလှူရှင်များ)၁။ နော်ယင်းမာ(အမိုးထမင်းဆိုင်၊ ဘန့်ဖလက်ရွာ)၊ ၂။ မခိုင်စျေးဆိုင်(ကြယ်ဒီခို့တိုက်နယ်)၊ ၃။ ဦးသန့်ဇင်+ဒေါ်သီတာ စျေးဆိုင်(စအိုတိုက်နယ်)၊ ၄။ မသင်းမော် စျေးဆိုင်၊ ၅။ မိသားစုထမင်းဆိုင်။

မည်သူမဆို မြန်မာပြည်သားစာစောင်နှင့် နေ့သစ်အလယ်တန်းကျောင်းအတွက် အလှူငွေများ၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးစာမူများ၊ ဝေဖန်အကြံပြုချက်များကို လွတ်လပ်စွာဆောင်ရွက်နိုင်ပါသည်။ မိမိတို့တွေ့ကြုံရသော အဖမ်းအဆီးနှင့်နှိပ်စက်ခံရမှု၊ အနိုင်ကျင့်ခံရမှု၊ သတင်းအချက်အလက်များကိုလည်း ပေးပို့နိုင်ပါသည်။ ဖုန်းသာခေါ်လိုက်ပါ။

ဤစာစောင်ကို လစဉ်ပုံမှန်ထုတ်ဝေနိုင်ရေးအတွက် အလှူငွေများထည့်ဝင်ပေးကြပါရန် ပန်ကြားအပ်ပါသည်။ ဤစာစောင်ကို လစဉ်မပျက် ထုတ်ဝေခဲ့သည်မှာ ယခုအခါ ရှေ့လတွင် ၁၀နှစ်ပြည့်မြောက်ပြီ ဖြစ်ပါသည်။




**ဒေါ်လှသိန်း နှင့် ဆရာမိုး**

**(မက်ပ်ရေဒီယို ပြန်ဖိတ်တာ ၄ လ ကျော်ပြီ၊ အင်တာနက်က သင်နားထောင်ဖို့မမေ့နဲ့နော်)**

**မကြာမီ FM ပြန်ဖွင့်မည်**

**(www.mapradio.com)**

## ဘေးလေးဘေး အသိပေးကြေညာချက်

မဲဆောက်မြို့တွင် အလုပ်ရှင်ကဖမ်းခိုင်း၍ အဖမ်းခံရသော မြန်မာအလုပ်သမား ၇ ဦးအတွက် လည်းကောင်း၊ အခြားသော အကူအညီလိုအပ်သော မြန်မာအလုပ်သမားအချို့အတွက် လည်းကောင်း၊ ရဲအချုပ်ခန်းထဲတါင် ထမင်းမဝကြသော အချုပ်သားအချို့အားလည်းကောင်း၊ ဆန္ဒပြကြသော အလုပ်သမားအချို့အား နေ့လည်စာညနေစာကျွေးမွေးခြင်းတို့အား လည်း ကောင်း၊ ဘေးလေးဘေးရံပုံငွေထဲမှထောင်ဂဏန်းမျှ ထုတ်ယူသုံးစွဲသကဲ့သို့ ဆက်လက်ပြီး တော့လည်း ဖမ်းဆီးခံ မြန်မာလုပ်သား ၂၃၇ဦးကို နေရပ်ပြန်ပို့ရာတွင်လည်း ဘေးလေးဘေး အလှူငွေများ ဆက်လက်ရရှိနေဆဲဖြစ်ကြောင်း၊ မည်သို့အသုံးပြုသည်ကို ကြေညာသွားမည်ဖြစ် ကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။ တဆက်တည်းမှာပင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့ မဲဆောက်မြို့ မယ်ပင်းကျောက်စက်နယ်မြေရှိ အသက် ၇၀ အရွယ် ဇနီးမောင်နှံ၏ နေအိမ် မီးလောင်မှုတွင် လက်ကျန်ငွေမှ(၂၀၀၀)ဘတ်သုံးစွဲပြီးဖြစ်ကြောင်း၊ တဆက်တည်းမှာပင် ဇူလိုင်လ ၃ ရက်နေ့မှစပြီး မဲဆောက်ရဲအချုပ်ခန်းထဲမှ ဘန်ကောက်ပြန် မြန်မာအလုပ်သမားများ ကို ထမင်းဟင်း၊ မုန့်များကိုကျွေးမွေးရာတွင်လည်း ထောင်ဂဏန်းမျှ ကျခံသုံးစွဲခဲ့ပါသည်။

မြန်မာပြည်သားဘလော့ဂ်မှ နေ့စဉ်တင်သော သတင်းအချက်အလက်များကို သောင်ရင်းနဂါးဖေ့(စ်)ဘုတ် http://www.thaungyinnagar.facebook) တွင်လည်းကောင်း၊ နဂါးသောင်ရင်းတွစ်တာ http://www.nagarthaungyin.facebook) တွင်လည်းကောင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။


## မြန်မာပြည်သားစာစောင်

ဂုဏ်ထူးဆောင်နာယက-ဒေါ်စန်းစန်း(MPU)

အတိုင်ပင်ခံ အယ်ဒီတာ-ကျော်သက်ထွေး

တာဝန်ခံ အယ်ဒီတာ-ဆန်တာကလော့စ်

ပိုင်းတော်သားများ ရဲရင့်အောင်၊ ကာတွန်း-ဒဲ့ဒိုး-ဆောင်းလဲ့နှင်း

| | |
|---|---|
| JACBA | မဟာဇော်(မကွေး) |
| c/o..PO.Box(70) | ဒူဝံ(ဖုတ်ဖရား) |
| Mae Sot,Tak(63110) | ဒေလီယာ |
| Thailand | ကျော်သူရိန် |

E-mail-jacbaburmese@gmail.com

newdayjacba@gmail.com

Blog-jacbaburmaa.blogspot.com


**ငါတို့ လုပ်တယ်-ဒါကြောင့် ငါတို့ ဖြစ်တယ်**

ထိုင်း-မြန်မာနယ်စပ်က တိုမြန်မာပြည်သားတွေရဲ့ ရုန်းကန်လှုပ်ရှားမှုနဲ့ ဘဝအမော--သောကအပူတွေကို နေ့စဥ်အသစ်တင်နေတဲ့ မြန်မာပြည်သားဘလော့ဂ်မှာ တက်ဖတ်ပါ------။ သင့်အတွက်--လာပြီ--လာပြီ--လာပြီ မြန်မာပြည်သားဘလော့ဂ်------။

Ph-087 849 6545/ 087 308 9680/ 086 602 3573




**သေချာမှတ်သား– အရေးကြီးဖုန်းနံပါတ်များ**



**ထိုင်းအလုပ်သမားဝန်ကြီးဌာန အရေးပေါ်လိုင်း(1694)**

**(မြန်မာဘာသာဖြင့်ပြောနိုင်သည်။)**

**ထိုင်းနိုင်ငံဆိုင်ရာ အလုပ်သမားသံအရာရှိ ဦးလှထွန်းနှင့် ဦးစိုးနိုင် ရုံး–(၀၈၃ ၀၇၉ ၁၇၆၅)–(၀၈၁ ၂၀၇ ၁၅၀၄)**

**ထိုင်းနိုင်ငံဆိုင်ရာ မြန်မာရွှေ့ပြောင်းအလုပ်သမား ကွန်ရက်ကြီး ခေါင်းဆောင်**

**ဆရာမိုး(085 602 5373-087 849 6545)**